**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၄/၂၀၁၁)

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေတွင် ပါရှိသော "အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း" ဆိုသည့်စကားရပ်ကို "အသေးစားစက်မှုလက်မှုလုပ်ငန်း" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုး ရမည်။

၃။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေပုဒ်မ ၁ ကို အောက်ပါအတိုင်းအစားထိုး ရမည်-

"၁။ ဤဥပဒေကို အသေးစားစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေဟု ခေါ်တွင်စေရမည်။ "

၄။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) အသေးစားစက်မှုလက်မှုလုပ်ငန်း ဆိုသည်မှာ မိသားစုဝင်များဖြင့်သော်လည်းကောင်း၊ အလုပ်သမားငှားရမ်းအသုံးပြု၍သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကုန်ပစ္စည်းထုတ်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့်မြင်းကောင်ရေ ၀.၂၅ နှင့်အထက်၊ ၅ ကောင်အားနှင့်အောက် အသုံးပြုသည့်အလုပ်သမား ၉ ဦးထက်မပိုသော အိမ်တွင်းစက်မှုလုပ်ငန်းနှင့် အလုပ်သမား ၃ ဦးနှင့်အထက်ရှိသော အိမ်တွင်းလက်မှုလုပ်ငန်းများကို ဆိုသည်။"

(ခ) ပုဒ်မခွဲ(ဂ) တွင် "ယင်းစကားရပ်တွင် ကာယစွမ်းအားဖြင့် ဖြစ်ပွားစေသည့်အား မပါဝင်။" ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရမည်။

၅။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) နိုင်ငံ၏စီးပွားရေး အခြေခံအင်အားတစ်ရပ်ဖြစ်သည့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန်၊ ပုဂ္ဂလိက စက်မှုလက်မှုကဏ္ဍပိုမိုတိုးတက်စေရန်နှင့် တစ်မျိုးသားလုံးအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် စက်မှုလက်မှုကဏ္ဍပါဝင်မှု အချိုးအစားမြှင့်တင်နိုင်ရန်။"

(ခ) ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ (ဈ) ၊ (ည) နှင့် (ဋ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) အလတ်စားနှင့်အကြီးစား စက်မှုလက်မှုလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းများ ဖြစ်ပေါ်လာစေရန်၊

(ည) ပတ်ဝန်းကျင်ကို ပျက်စီးစေမည့် လုပ်ငန်းများ မပေါ်ပေါက်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရန်၊

(ဋ) စက်မှုဒေသအချင်းချင်း၊ လုပ်ငန်းရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ကြစေရန်။"

၆။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (င) ၌ပါရှိသော "အကူအညီရယူနိုင်ခြင်း" ဆိုသည့်စကားရပ်၏နောက်တွင် "နှင့် ပြည်ပနှင့်စီးပွားရေးလုပ်ငန်းစာချုပ်များ ချုပ်ဆိုလုပ်ကိုင်ခြင်း" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၇။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေပုဒ်မ ၉ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောနည်းပညာရပ်များ ဖော်ထုတ်ခြင်း၊ စမ်းသပ်တီထွင်ခြင်း၊ နည်းပညာသင်တန်းအစီအစဉ်နှင့် သတင်းအချက်အလက် ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်ခြင်း။"

(ခ) ပုဒ်မခွဲ(ဃ)၌ ပါရှိသော "စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ဘဏ္ဍာရေး နှင့်အခွန်ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဈ) အသေးစားစက်မှုလက်မှုလုပ်ငန်းများကို အများပြည်သူတို့သိရှိနိုင်ရန်နှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်စပ်နိုင်ရန် သတင်းအချက်အလက် ပြန့်ပွားစေမည့် နည်းလမ်းများအသုံးပြု၍ ဆောင်ရွက်ပေးခြင်း။”

၈။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစား ထိုးရမည်-

“(က) ပုဒ်မ ၅ အရ မှတ်ပုံတင်ပေးထားသော အသေးစားစက်မှုလက်မှုလုပ်ငန်းများကို စစ်ဆေးခြင်းနှင့် စာရင်းများတောင်းခံခြင်း။”

၉။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေတွင်-

(က) ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်၊

(ခ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော “ကျပ်တစ်သောင်း” ဆိုသည့် စကားရပ်ကို “ကျပ်ငါးသောင်း” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ အခန်း (၉) ၏ ခေါင်းစဉ် “တားမြစ်ချက်နှင့်ပြစ် ဒဏ်” ဆိုသည့်စကားရပ်ကို “စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း” ဆိုသည့်စကားရပ်ဖြင့် အစား ထိုးရမည်။

၁၁။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ အခန်း (၉) ၏နောက်၌ အခန်း (၁၀) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“

**အခန်း(၁၀)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၂၂။ မည်သူမဆို ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ အသေးစားစက်မှုလက်မှုလုပ်ငန်းကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ချမှတ်ရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၂၂ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ယင်းပြစ်မှုကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ပါက ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီးအတွက် ထိုသူကို တစ်နေ့လျှင် ငွေဒဏ် ကျပ်ငါးရာ ချမှတ်ရမည်။”

၁၂။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ အခန်း(၁၀) ကို အခန်း (၁၁) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၂ နှင့် ၂၃ တို့ကို ပုဒ်မ ၂၄ နှင့် ၂၅ တို့အဖြစ်လည်းကောင်း အသီးသီးပြန်လည် အမှတ်စဉ်ရမည်။

၁၃။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေတွင် ပြန်လည်အမှတ်စဉ်ထားသော ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင် သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင် သည်။"

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ